ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ် ဇီးပင်ကွင်းအုပ်စု၊ နှောကုန်းကျေးရွာ

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈။ ကော်မတီဝင်များ စာရင်း

၉။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှုံးချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံခင်းသစ်တောကြိုးဝိုင်း
ရေလယ်ကျွန်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာအုပ်စုပြမြေပုံ




ဇီးပင်ကွင်းကျေးရွာအုပ်စု ပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဇီးပင်ကွင်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဇီးပင်ကွင်း ကျေးရွာ

၂။ ကရင်ကုန်း ကျေးရွာ

၃။ ပေကုန်းလေး ကျေးရွာ

**၄။ နောကုန်း ကျေးရွာ**

၅။ ပေကုန်းကြီး ကျေးရွာ

၆။ အုတ်ပုံ (မြောက်စု) ကျေးရွာ

၇။ အုတ်ပုံ (တောင်စု)  ကျေးရွာ

၈။ အုတ်ပုံ (အရှေ့စု)  ကျေးရွာ

၉။ ဇီးပင်ကွင်းလေး ကျေးရွာ

ဇီပင်ကွင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

နောကုန်းကျေးရွာသည် နှစ်ပေါင်း ၂၀၀-ခန့်က တည်ရှိသည်။ ကြံခင်းမြို့နှင့် ၁၀-မိုင်ခန့်ဝေး ကွာပြီး အုပ်စုရုံးနှင့် ၁မိုင်ခန့်သာ ကွာဝေးသည်။ လယ်ယာလုပ်ငန်းကိုသာ အဓိက လုပ်ကိုင် ကြသည်။ အိမ်ခြေ ၃၇-အိမ်ခန့်ရှိပြီး အမျိုးသား ၆၆-ဦး၊ အမျိုးသမီး ၆၈-ဦး နေထိုင်ကြသည်။

နောကုန်းကျေးရွာ၊ ကရင်ကုန်းကျေးရွာ၊ ပေကုန်းကြီးကျေးရွာ၊ ပေကုန်းလေး ကျေးရွာ ၄ရွာ ညစုပေါင်းကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်း ၁ကျောင်း၊ မူလတန်းကျောင်း ၁ကျောင်း တည်ရှိ သည်။ နောကုန်းကျေးရွာတွင် နေထိုင်ကြသူများမှာ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများသာ ဖြစ်ကြသည်။

ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထကောင်းများ ရှိခြင်းကြောင့် လူထုဗဟိုပြု စီမံကိန်း ပထမနှစ် တွင် ရွာတွင်းကွန်ကရစ်မီးတိုင် လဲလှယ်ခြင်းလုပ်ငန်းကို အောင်မြင်စွာအကောင် အထည် ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းဒုတိယနှစ်တွင် ရွာပြင် ကွန်ကရစ်မီးတိုင် လဲလှယ်ခြင်း လုပ်ငန်းကို လည်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။


တတိယနှစ် စီမံကိန်းစက်ဝန်းတွင် ကျန်ရှိနေသော ရွာပြင်ရှိ ကွန်ကရစ်မီးတိုင် များအား လဲလှယ်ရန် တစ်ရွာလုံးဆန္ဒရှိကြသည်။ နောကုန်းကျေးရွာမှ ကွန်ကရစ်မီးတိုင် လဲလှယ်ခြင်း လုပ်ငန်း ကို အကောင်အထည်ဖော် ဆောင်ရွက်ရသည်မှာ မိမိတို့ကျေးရွာတစ် ရွာတည်းအတွက်သာ အကျိုးပြု စေခြင်းမျိုး မဟုတ်ပဲ အုပ်စုတွင်းရှိ အခြားကျေးရွာများ အတွက်ပါ အကျိုးဖြစ်ထွန်းစေသော စီမံကိန်း လုပ်ငန်းခွဲ တစ်ခု ဖြစ်သည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ အရင်းအမြစ်ပြမြေပုံ (Social Map & Resource map) | 26.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ ရပ်ရွာလူထုများ | 15 | 12 | 27 | - ဒေသတွင်း သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 15 | 12 | 27 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ ပွဲတော်များ၊ သဘာဝဘေးများ၊ လယ်ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | 26.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊ အလွန်နွမ်းပါး အုပ်စုများ | 15 | 12 | 27 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊ အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ် ဆက်မှုပြမြေပုံ (Venn Diagram) | 26.9.2017 | ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အခြားအဖွဲ့တွင် ပါဝင်သူများ | 15 | 12 | 27 | -ကျေးရွာတွင်း၊ ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (cobweb) | 26.9.2017 | ကျေးရွာရှိအမျိုးသားနှင့် အမျိုသမီးများ | 15 | 12 | 27 | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှု တွင် အမျိုးသားနှင့်အမျိုးသမီးတို့၏ ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ အခွင့်အရေးရရှိနိုင်မှု အပေါ် သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Asset Mapping) | 26.9.2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | 15 | 12 | 27 | -အရင်းအမြစ်များအပေးတွင် (အမျိုးသားနှင့်အမျိုးသမီးများ) အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင် မည်သည့်အကြောင်းကြောင့်နည်း။ မည်သို့ညီမျှစွာ ခံစားခွင့် ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ (Problem) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 15 | 12 | 27 | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အတားအဆီး၊ အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ (Village Vision) | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ | 15 | 12 | 27 | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေမျှော်မှန်းထားသလဲ။ ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး လုပ်ငန်းများ | 26.9.2017 | ကော်မတီဝင်များနှင့်၊ ရပ်ရွာလူထုများ၊ တက် ရောက်သူ အားလုံး | 15 | 12 | 27 | -အကျိုးပြုလူဦးရေ၊ အကျိုးခံစားခွင့်<br>-လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

၆။အကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ

**လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

- နောကုန်းကျေးရွာသည် လယ်ယာမြေများ၊ ကုန်းမြေများကို မှီခိုပြီး အသက်မွေးဝမ်းကြောင်းပြု ကြသည်။
- အိမ်ခြေအနည်းစုမှာ ကျပန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။
- ကျေးရွာတွင် မူလတန်းကျောင်း ရှိသော်လည်း ပညာရေးနှင့်ပတ်သက်၍ လက်လမ်းမီကြောင်း တွေ့ရ သည်။
- တစ်ရွာလုံး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး ဘုန်းကြီးကျောင်းလည်း တည်ရှိပါသည်။
- ကျေးရွာ၏ လမ်းများမှာ နွေရာသီတွင် ကောင်းမွန်သော်လည်း မိုးရာသီတွင် လမ်းများ မကောင်းပါ
- ကျေးရွာတိုးတက်ရန်လိုအပ်သောအချက်များမှာ -
    - ဆက်သွယ်ရေးကောင်းမွန်ရန် (လမ်း၊ တံတား)။
    - လျှပ်စစ်မီးရရှိသော်လည်းရွာပြင်ရှိ မီးတိုင်များကောင်းမွန်ရန်။
    - ကျန်းမာရေးကောင်းမွန်ရန်အတွက် ဆေးပေးခန်းရှိရန်။
    - ပညာရေးအတွက် မူလတန်းမှအလယ်တန်းကျောင်းရှိရန်။
    - စိုက်ပျိုးရေးနည်းစနစ်များရရှိရန်။
    - ဝင်ငွေတိုးလုပ်ငန်းများရှိရန် - ကြက်၊ ဝက်မွေးမြူရေး

      - လက်မှုပညာ၊ အသေးစားချေးငွေတို့ လိုအပ်

    ကြောင်းသုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

**ရာသီစွင်ပြ ပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

ကျေးရွာတွင် လယ်ယာနှင့်ကိုင်းလုပ်ငန်းများကို အိမ်ခြေ ၂၄-အိမ် နေထိုင်ကြပြီး ကျန် ၁၃-အိမ်မှာကျပန်းလုပ်ကိုင် စားသောက်ကြသည်။ ထိုလုပ်ငန်းများတွင် နေ့စားလုပ်အားခအဖြစ်အမျိုးသားများမှာ ၅၀၀၀ကျပ်ရရှိပြီး အမျိုးသမီးများမှာ ၄၀၀၀ကျပ်ရရှိကြသည်။


ရာသီဥတုအနေဖြင့် ဝါဆို၊ဝါခေါင်လများတွင်သာ မိုးသည်းထန်စွာရွာသွန်းလေ့ရှိသည်။ တန်ခူး၊ ကဆုန်လများတွင် တခါတရံမုန်တိုင်းဖြစ်တတ်သည်။ အလုပ်အကိုင်အနေဖြင့် လယ်ယာနှင့် ကိုင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ လယ်ယာများ ရိတ်သိမ်းချိန် နှင့် ပဲနှုတ်ချိန်တို့တွင် ဝင်ငွေများပိုမိုရရှိကြသည်။

ကျန်းမာရေးအနေဖြင့် ရာသီဥတုအကူးအပြောင်းကာလများတွင် ဖျားနာတတ်သည်။ ပွဲတော်များအနေဖြင့် တန်ကူးလတွင်သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်လတွင်မီးထွန်းပွဲတော်၊ တန်ဆောင်းမုန်းလတွင်ကထိန်ပွဲတော်နှင့် တပေါင်းလတွင်အလှူပွဲတော်တို့ပြုလုပ်ကျင်းပကြသည်။

နောကုန်းကျေးရွာသည် သောက်သုံးရေဖူလုံစွာရရှိသည်။ စပါးများရောင်းချချိန်နှင့် ပဲများရောင်းချချိန်တို့တွင် အစားအသောက်ပိုမိုဖူလုံမှုရှိပြီး ကျန်ကာလများတွင်အသင့်အတင့်သာရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးတွင်းအခါလမ်းများပျက်စီးတတ်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## (က) ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း




ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

**ဥစ္စာခနေ အဆင့်သတ်မှတ်ခြင်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

နောကုန်းကျေးရွာတွင် အိမ်ခြေ ၃၇-အိမ်ရှိသည့်အနက် ချမ်းသာသောအိမ်ထောင်စု ၈-အိမ်၊ အသင့်အတင့်အိမ်ထောင်စု ၂၆-အိမ်၊ မပြေလည်သောအိမ်ထောင်စု ၂-အိမ်ရှိသည်။ နွမ်းပါးသော အိမ်ထောင်စုမှာ သက်ကြီးရွယ်အိုအိမ်သာဖြစ်ကြောင်းတွေ့ရသည်။

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါး သောအိမ်ထောင်စုများ၏ အားလပ်သောအချိန်တွင် အစီအစဉ် ရေးဆွဲပြီး ၎င်းတို့တင်ပြသော လိုအပ် ချက်များကို အလေးထားစဉ်းစားဆောင်ရွက်ခဲ့သည်။

ကျေးရွာတွင် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျှင် လုပ်အားခဝင်ငွေ ရရှိလာနိုင်သည်။ လမ်း ပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာလျှင် ကလေးများ၏ ပညာရေးလည်း ပိုမိုလက်လမ်းမှီနိုင်သည်။ လျှပ်စစ်မီးတိုင်များ လဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်လျှင် မိမိတို့ကျေးရွာတွင် မီးအားများပိုမိုကောင်း လာပြီး စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာနိုင်သည်။ ကျေးရွာတွင် ဘက်စုံသုံးရေကန်တည် ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်လျှင် ကျေးရွာ၏ သာရေးနာရေး လုပ်ငန်းများနှင့် မီးဘေး အန္တရာယ် တို့ တွင်လည်းအသုံးပြုနိုင်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြပုံနှင့် သုံးသပ်ခြင်း</u>**




အဖွဲ့အစည်းချိတ်ဆက်ပြပုံ

**အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

နောကုန်းကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် ဆယ်အိမ်မှူးအဖွဲ့သည် ကျေးရွာအတွင်းအခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကဦးဆောင်၍လုပ်ကိုင်ကြသည်။


၎င်းအဖွဲ့အစည်းများသည် လူထုဗဟိုပြုစီမံကိန်းအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလုပ်ဆောင်ကြသည်။ ကျေးရွာဂေါပကအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့နှင့် ကောက်စိုက်သမအဖွဲ့တို့သည်ကျေးရွာ၏ သာရေးနာရေးလုပ်ငန်းနှင့်ဘာသာရေးလုပ်ငန်းတို့တွင် အဓိကလုပ်ကိုင်ကြသည်။

ကျေးရွာအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် ကြံခင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်သည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်သည်။

ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဖြစ်သည့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်ရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


## (င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်




အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်**




အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု

## အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ထိန်းချုပ်နိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


နောကုန်းကျေးရွာတွင် ဆိုင်ကယ်၊ လယ်၊ ကိုင်း၊ အိမ်၊ လမ်း၊ လျှပ်စစ်မီး၊ နွား၊ ကြက်တို့ကို အမျိုးသား၊ အမျိုးသမီး အသုံးပြုသော်လည်း ကြက်၊ ဝက်၊ စျေးဆိုင်၊ အပ်ချုပ်စက်တို့ကိုသာ အမျိုးသမီးများ အသုံးပြု၊ ပိုင်ဆိုင်ထိန်းချုပ်ကြသည်။

အမျိုးသားများအနေဖြင့် လယ်ထွန်စက်၊ ကား၊ ကောက်ရိတ်စက်၊ ခြွေလှေ့စက်၊ ဆန်စက်၊ ထော်လာဂျီတို့ကို အမျိုးသားများက အသုံးပြု၊ ထိန်းချုပ်ကြသည်။

အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသော အရင်းအမြစ်များမှာ အလွန်ပင် နည်းပါးသည်။ အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီး တန်းတူညီမျှမှု ရှိပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(စ) ပင့်ကူအိမ် သုံးသပ်ချက်**




ပင့်ကူအိမ် သုံးသပ်ချက်ပြပုံ

## ပင့်ကူအိမ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)


နောကုန်းကျေးရွာသည် ပညာရေးနှင့်ပတ်သက်၍ အမျိုးသမီးများသည် အမျိုးသားထက်ပို၍ လက်လှမ်းမှီကြောင်း တွေ့ရသည်။ အရင်းအမြစ်အသုံးချမှုတွင် အမျိုးသားများသည် အမျိုးသမီးများ ထက်ပို၍ လက်လှမ်းမှီကြောင်း တွေ့ရသည်။


နောကုန်းကျေးရွာသည် ဝင်ငွေရရှိမှုနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတို့တွင် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှ အခွင့်အရေးရှိကြောင်း တွေ့ရသည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်၍ အမျိုး သမီးများသည် အမျိုးသားများနှင့် တန်းတူနည်းပါး အခွင့်အရေးရှိသော်လည်း ယုံကြည်မှု၊ လုံခြုံမှုတို့ တွင် အမျိုးသားများမှ ပိုမိုအားကောင်းကြောင်း တွေ့ရသည်။

အိမ်တွင်းမှုလုပ်ငန်းများတွင် အမျိုးသမီးများမှာ အမျိုးသားထက်ပို၍ လုပ်ဆောင်နေရပြီး အုပ် ချုပ်မှုပိုင်းတွင် အမျိုးသားများကသာ ဦးဆောင်နေကြောင်း တွေ့ရသည်။ အမျိုးသမီးများသည် ယုံ ကြည်မှု တို့နှင့် အုပ်ချုပ်မှုပိုင်းတို့တွင် လက်လှမ်းမှီမှု အားနည်းကြောင်းတွေ့ရပြီး အမျိုးသားများသည် အိမ်တွင်းမှုလုပ်ငန်းများကို လုပ်ဆောင်မှု အားနည်းကြောင်း သုံးသပ်ရမိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်**




အခက်အခဲပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**


နောကုန်းကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးတို့၏ အဓိကအခက်အခဲ ပြဿနာတို့မှာ လျှပ်စစ်မီးကြိုးနှင့် မီးတိုင်များ မကောင်း၍ မီးဘေးအန္တရာယ်အခက်အခဲ၊ ပညာရေး အခက်အခဲ၊ ကျန်းမာရေး အခက်အခဲတို့ဖြစ်တို့ ဖြစ်ကြသည်။


ကျေးရွာတွင် ပုံမှန်ဝင်ငွေ မရှိခြင်းနှင့် အလုပ်အကိုင် ရှားပါးခြင်း အခက်အခဲ တို့သည်လည်း အမျိုးသား၊ အမျိုးသမီးတို့၏ အခက်အခဲဖြစ်သည်။ အမျိုးသားများမှာ စိုက်ပျိုးရေးနည်းစနစ် အားနည်းကြောင်းတွေ့ရသည်။

အထက်ဖော်ပြပါ အခက်အခဲပြဿနာတို့မှာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဟန့်တား နောက်ယှက်နေသော အခက်အခဲပြဿနာတို့ဖြစ်ကြောင်း သုံးသပ်မိပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း**




မျှော်မှန်းချက်

## ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

နောကုန်းကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးတို့သည် မိမိတို့ကျေးရွာအတွက် ထရမ်စဖော်မာ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်းတို့ရှိရန် မျှော်မှန်းချက် ရှိကြသည်။


အမျိုးသမီး အုပ်စုများ၏ မိမိတို့ကျေးရွာအတွက် မျှော်မှန်းချက်များမှာ မီးသတ်ကားရှိရန်၊ အပ်ချုပ်သင်တန်းများ ရရှိရန်၊ ကျေးရွာနှင့် ဆက်သွယ်သော မီးတိုင်များအား ကွန်ကရစ်မီးတိုင် လဲလှယ်နိုင်ရန်နှင့် အသေးစား ချေးငွေလုပ်ငန်းများ ရှိလာနိုင်ရန် မျှော်မှန်းကြသည်။

အမျိုးသား အုပ်စုများ၏ မိမိတို့ကျေးရွာအတွက် မျှော်မှန်းချက်များမှာ ဘက်စုံသုံးရေကန်ရှိရန်၊ စက်ပြင်သင်တန်းများရရှိရန်၊ ယဉ်မောင်းသင်တန်းများ ရရှိရန်နှင့် စိုက်ပျိုးရေး မွေးမြူရေးသင်တန်းများ ရရှိရန် တို့ဖြစ်ကြသည်။

အထက်ဖော်ပြပါ မျှော်မှန်းချက်များမှာ မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကြသော မျှော်မှန်းချက်များ ဖြစ်ကြောင်းသုံးသပ်ရပါသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**<u>(၂) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>**




ဦးစားပေးလုပ်ငန်းများ

**ကျေးရွာ ဦးစားပေးလုပ်ငန်း (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)**

နောကုန်းကျေးရွာသည် မိမိတို့ကျေးရွာနှင့် ဆက်သွယ်နေသောမီးတိုင်များသည် သစ်သားတိုင်များဖြစ်ပြီး မိုးတွင်းအခါတွင် ထိုသစ်သားတိုင်များမှ မီးဘေးအန္တရာယ် ကြုံတွေ့နိုင်ခြင်းကြောင့် သစ်သားမီးတိုင်များအား ကွန်ကရစ်မီးတိုင် လဲလှယ်ရန် တစ်ရွာလုံးတွင် ဆန္ဒရှိကြသည်။

ကျေးရွာတွင်းရှိလမ်းများနှင့် ဆက်သွယ်ရေးလမ်းများမှာလည်း မိုးတွင်းအခါ လမ်းများပျက်စီး၍ ချောင်းကျောက်လမ်းခင်းရန်လည်း ဆန္ဒရှိကြသည်။ ကျေးရွာတွင် မီးဘေးအန္တရာယ်အတွက် ဘက်စုံသုံးရေကန်ထားရှိရန်လည်း ဆန္ဒရှိကြသည်။

နောကုန်းကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးတို့၏ တူညီသောရွေးချယ်ဆုံးဖြတ်ချက်မှာ စီမံကိန်း ပထမနှစ်၊ ဒုတိယနှစ်တွင် ကွန်ကရစ်မီးတိုင် လဲလှယ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း ယခုတတိယနှစ်စက်ဝန်းတွင် ကျန်ရှိနေသေးသော ကျေးရွာနှင့်ဆက်သွယ်နေသော သစ်သားမီးတိုင်များအား ကွန်ကရစ်မီးတိုင် လဲလှယ်ရန်ဆုံးဖြတ်ကြသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



**၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း**

**အုပ်စု။ ။ ဖီးပင်ကွင်း ကျေးရွာ။ ။ နောကုန်း**

**စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၂၆-၉-၂၀၁၇**

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးစိုးလွင် | ၀၉၉၇၆၃၈၂၆၁၁ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်နနကြည် | ၀၉၄၂၃၆၈၁၁၄၄ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်သူ | ၀၉၇၇၅၅၁၄၁၀၃ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်သင်းသင်းမော် | ၀၉၉၇၆၀၂၇၉၇၆ | |
| ၅ | | အဖွဲ့ဝင် | ဦးအောင်သူမိုး | ၀၉၉၇၄၇၄၆၉၇၉ | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ယဉ်ယဉ်ဦး | - | |
| ၇ | | အဖွဲ့ဝင် | ဦးသက်စိုး | ၀၉၄၅၉၆၅၉၀၅၇ | |
| ၈ | | အဖွဲ့ဝင် | ဒေါ်အေးစုမွန် | ၀၉၉၇၂၅၁၃၈၈၀ | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးစိန်သန်း | ၀၉၂၆၄၇၁၁၈၅၉ | |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ကေခိုင်လွင် | - | |
| ၁၁ | | အဖွဲ့ဝင် | ဦးဝင်းနိုင် | ၀၉၇၇၂၈၀၈၅၆၀ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးသိန်းထူး | ၀၉၄၅၈၇၀၀၃၄၀ | |
| ၁၃ | အကြံပြုတိုင်ကြားဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးအောင်မြင့်ကြည် | - | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်အေးအေးဝင်း | ၀၉၉၇၇၆၄၅၉၇၇ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးပြည့်စုံအောင် | ၀၉၉၇၆၀၂၇၉၆၆ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်အေးမိကို | ၀၉၄၅၀၇၄၆၅၂၁ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး- ဒေါ်ထက်ထက်လွင်

လက်ထောက်နည်းပညာမှူး - ဦးဇာနည်အောင်

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ပုံစံ-၁)



### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဘိုးထူး | ၀၉-458700340 | ဒေါ်သက်ဝတ်လှိုင် |

| | | | |
|---|---|---|---|
| မြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇီးပင်ကွင်း | ကျေးရွာ ရှောက်ကုန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၇ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - ၁ | | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၆ ၊ မ-၁၂ | | ၁၈ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၁၃၂ | ၆၃ | ၆၉ |
| လူမျိုးစု (၁)--ဗမာ-- | ၆၃ | ၆၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၆ | ၁၁ |

**(ခ)** အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | မှတ်ချက် | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၀.၅--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------၁၀ မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လာဇ်း ကောင်မကွီ

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးဘိုနိုးကျူး

လက်မှတ် — နေ့စွဲ ၂၆.၄.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ဟတ်ထက်လွီ

လက်မှတ် — နေ့စွဲ ၂၆.၄.၂၀၁၇

# ၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဝင်းဝင်းမြင့် | | | |
| နေ့စွဲ ၂၆. ၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇီးပင်တွင်း | ကျေးရွာ မြောက်ဆွပုံ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၅ | ၁၂ | ၂၇ | ၂၇ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၉.၁၇ | ၂၆.၉.၁၇ | ၁၅ | ၁၂ | ၂၇ | ၂၇ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၆.၁၀.၁၇ | ၂၆.၁၀.၁၇ | ၁၆ | ၁၆ | ၃၂ | ၃၂ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော် ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၂.၁၂.၁၇ | ၂၂.၁၂.၁၇ | ၄ | ၃ | ၇ | ၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၁၇ | ၁၃ | ၃၀ | ၃၀ | ဗမာ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၀.၁၂.၁၇ | ၂၁.၁၂.၁၇ | ၁၇ | ၁၃ | ၃၀ | ၃၀ | ဗမာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၄ | ၄ | ၈ | ၈ | ဗမာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ၁၁။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်(ပုံစံ-၃)



ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လွင် | | | |
| နေ့စွဲ ၂၆.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဇီးပင်ကွင်း | ကျေးရွာ ရွာကျင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လိုအပ်သည့်မီးတိုင်မရရှိသည့်အခက်အခဲ | ၁ | မီးအားလျော့နည်းသောကြောင့် ပညာရေးအခက်အခဲ |
| ၂ | Transfer တပ်ဆင်ရန်ငွေကြေးအခက်အခဲ | ၂ | ကျန်းမာရေးအခက်အခဲ |
| ၃ | လမ်းကြောင်းဖွံ့ဖြိုးမှုအဖွဲ့အစည်းများ ဝင်ရောက်မှုနည်းပါးခြင်း | ၃ | ရွာနှင့်ဆက်သွယ်သောလမ်းများမကောင်းသည့်အခက်အခဲ |
| ၄ | ကျန်းမာရေးအခက်အခဲ | ၄ | ပုံမှန်ဝင်ငွေမရှိခြင်း |
| ၅ | ပညာတတ်ပညာရှင်နည်းပါးခြင်း | ၅ | အလုပ်အကိုင်ရှားပါးခြင်း |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လျှပ်စစ်မီးအားပြည့်ဝရန် (Transfer) တပ်ဆင်ပြီးသည်။ | ၁ | (Transfer) ရှိပြီးသည်။ |
| ၂ | ကျေးရွာသို့ဆက်သွယ်သော လမ်းမီးတိုင်ရှိပြီးသည်။ | ၂ | ကျေးလက်ဆေးပေးခန်းရှိပြီးသည်။ |
| ၃ | စာကြည့်တိုက်ရှိပြီးသည်။ | ၃ | စာကြည့်တိုက်ရှိပြီးသည်။ |
| ၄ | ကျေးရွာတွင်သောက်သုံးရေကန် ရှိပြီးသည်။ | ၄ | ရွာနှင့်ဆက်သွယ်သောလမ်း မီးတိုင်ကောင်းရမည်။ |
| ၅ | စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကောင်း ရှိရမည်။ | ၅ | အပ်ချုပ်သင်တန်းရှိပြီးသည်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်မီးတိုင် (၂၅) တိုင် | ကျား + မ | ၅၅ သိန်း [illegible] | ၁၃၂ |
| ၂ | ရွာတွင်းချောင်းကျောက်လမ်း | ကျား + မ | ၂၄ သိန်း | ၁၃၂ |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ရိတ်သိမ်းခြွေလှေ့စက် | ကျား + မ | |
| ၂ | ကောက်စိုက်စက် | ကျား + မ | |
| ၃ | မွေးမြူရေးရန်ပုံငွေ | မ | |
| ၄ | အသေးစားချေးငွေ ရန်ပုံငွေ | ကျား | |
| ၅ | စက်မှု၊ လက်မှုသင်တန်း | မ | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးမိုးဇော်--- လက်မှတ် ---(signature)--- နေ့စွဲ ---၂၆.၉.၂၀၁၇---

ဒေါ်နုနုကြည် (signature)

## ၁၂။ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ-၄)

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | | |
| နေ့စွဲ ၂၆.၁၀.၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | ၈'x ၆'x ၅' ([illegible]) ၈၀၀ ပေ | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၃၅၀၀၀၀၀ | | | | ၃၅၀၀၀၀၀ |
| [illegible] | [illegible] | ၂၀'x ၃၅' | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၄၀၀၀၀၀၀ | | | | ၄၀၀၀၀၀၀ |
| [illegible] | [illegible] | ၂၅ ပေ | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့် အမျိုးသမီး | ၅၀၀၀၀၀၀ | | ၁၅၀၀၀ | [illegible] | ၅၀၁၅၀၀၀ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်ခံ

အပိုင်း-၃ ၂၉.၉.၂၀၁၇

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကရင်ကုန်း | ရှာချင်းသက် (၆၀၀၀×၁၀ ×၄") ချောင်းချောက် လေအိုး | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | ၅၆၁၀၀၀၀ိ/- | | | ၅၆၁၀၀၀၀ိ/- |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစောဝင်း ၊ ခေါ်ဘိုးဖြူး

လက်မှတ် [signature] ရက်စွဲ 26.10.17

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ဇီးပင်ကွင်းအုပ်စု၊ နောကုန်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

နောကုန်းကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၂၆.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာရပ်မိရပ်ဖအား အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။
- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။
- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။
- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။
- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။
- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။
- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။
- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။
- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။
- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

*********************************************

## ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်း | ကျား မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာတွင်းချောင်းကျောက်လမ်း | ကျား မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | စက်ရေတွင်း၊ ဘက်စုံသုံးရေကန် | ကျား မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | စာသင်ကျောင်း၊ဘုန်းကြီးကျောင်း ဆက်သွယ်ရေးလမ်း | ကျား မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်း ကြောင်း/ စိုက်ပျိုးရေး | ၅ | ရိတ်သိမ်းခြွေလှေ့စက် | ကျား မ | ၂၀၂၂ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၆ | ကောက်စိုက်စက် | ကျား မ | ၂၀၂၃ | ကျေးရွာလူထု | စက်မှုလယ်ယာ ဦးစီးဌာန |
| | ၇ | မွေးမြူရေးလုပ်ငန်း | ကျား မ | ၂၀၂၄ | ကျေးရွာလူထု | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန |
| | ၈ | စက်မှုလက်မှုသင်တန်း | ကျား မ | ၂၀၂၅ | ကျေးရွာလူထု | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | | | | | | |
| ကျန်းမာရေးနှင့် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၉ | အသေးစားချေးငွေလုပ်ငန်း | ကျား မ | ၂၀၂၆ | ကျေးရွာလူထု | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |